
ပထမဥက္ကဋ္ဌအဖွဲ့၏သတင်းကောင်း ဖွန်လ ၂၀၁၇



ဥက္ကဋ္ဌ
သောမက်စ် အက်(စ်) မွန်ဆွန်မှ

# အမှုတော်ဆောင်ရန်ခေါ်ဆိုခြင်း

ပရောဖက်ဂျိုးဇက်စမစ်က အယ်လ်ဒါ ဟီဘာ စီ ကင်ဘောကို အင်္ဂလန်သို့သာသနာပြုအဖြစ် "ကယ်တင်ခြင်းတံခါးကိုဖွင့်ရန်"ခေါ်တဲ့အခါ လေးနက်သောခံစားချက်များက အယ်လ်ဒါကင်ဘောကို ချုပ်ကိုင်ခဲ့တယ်။

"အိုအဖ ကျွန်တော်သည်စကားဆွံ့အသူဖြစ်ပြီး ဤကဲ့သို့သောအလုပ်အတွက်လုံးဝမသင့်လျော်ပါဘူး" လို့သူရေးခဲ့တယ်။

သို့သော်လည်း အယ်လ်ဒါကင်ဘောက ခေါ်ဆိုခြင်းကိုလက်ခံခဲ့တယ်။ "ဒီအတွေးတွေက တာဝန်ရဲ့လမ်းကြောင်းမှ ကျွန်တော့ကိုမဟန့်တားခဲ့ဘူး။ ကျွန်တော့်ရဲ့ကောင်းကင်ဘုံရှင်အဖ၏ အလိုတော်ကို နားလည်လာတဲ့အခိုက်မှာ ကျွန်တော်လိုအပ်တဲ့အရည်အချင်းအားလုံး

ကျွန်တော့ကို ပေးအပ်ပြီး သူ့ရဲ့ကြီးမားတဲ့ တန်ခိုးတော်ဖြင့်ကျွန်တော့်ကို ထောက်ပံ့ပေးမယ်ဆိုတဲ့ ယုံကြည်ခြင်းနဲ့ စွန့်စားခြင်းအားလုံးဆီကိုသွားဖို့ ဆုံးဖြတ်ချက်တစ်ခုကို ကျွန်တော်ခံစားခဲ့ရတယ်။" ၁ လို့ထပ်ရေးထားတယ်။

အချိန်ပြည့်သာသနာပြုအစေခံဖို့ခေါ်ဆိုခြင်းခံရတဲ့ ကျွန်တော့်ရဲ့ညီငယ်၊ ညီမငယ်များ သင်တို့ဟာ အယ်လ်ဒါကင်ဘောကဲ့သို့ "ဘုရားကိုအစေခံရန်စိတ်ဆန္ဒများရှိပြီး" (ယုံကြည်ခံယူချက်နှင့်ပဋိညာဉ်ကျမ်း ၄း၃) သင်တို့ဟာအဆင့်သင့်ဖြစ်ကာ ထိုက်တန်သောကြောင့် အမှုတော်ဆောင်ရန် သင်တို့ကို ခေါ်ဆိုခြင်းဖြစ်တယ်။

ဝါကြီးသောစုံတွဲများ သင်တို့ကိုလည်းတူညီသောအကြောင်းအချက်များကြောင့် အမှုတော်ဆောင်ရန် ခေါ်ခြင်းဖြစ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် အမှန်တရားကို ရှာဖွေနေသော သူ့ရဲ့သားသမီးများ၏ နလုံးသားကိုထိတွေ့ရန် သင်တို့ဟာအစေခံရန်စိတ်ဆန္ဒသာမက ပေးဆပ်ခဲ့ချိန်များမှရရှိသောပညာများ၊ ချစ်ခြင်းမေတ္တာနှင့် သင်၏ကောင်းကင်ဘုံရှင်အဖ အသုံးပြုနိုင်တဲ့ အတွေ့အကြုံကိုလည်း ယူဆောင်လာတယ်။ တစ်ပါးသူများကိုအစေခံခြင်းအားဖြင့် ကိုယ်တော့်အားအစေမခံမချင်း ကျွန်တော်တို့ ဘယ်တော့မှသူ့ကိုစစ်မှန်စွာ ချစ်နိုင်မှာမဟုတ်ဘူးလို့ သံသယကင်းစွာသင်ယူရတယ်။

သာသနာပြုများအဖြစ်အစေခံရန်သင့်ရဲ့စိတ်ဆန္ဒအရ သင်ဟာယုံကြည်ခြင်းနှင့် စိတ်ဓာတ်ကြံ့ခိုင်ခြင်း၊ ရဲစွမ်းသတ္တိနှင့်စိတ်ချယုံကြည်ခြင်း၊ စိတ်ပိုင်းဖြတ်ချက်နှင့်ခံနိုင်ရည်ရှိမှု၊ ဆုံးဖြတ်ခြင်းနှင့် နှစ်မြုပ်ထားခြင်းကို ထည့်သွင်းလိမ့်မယ်။ ဆက်ကပ်ထားသောသာသနာပြုများဟာ သာသနာပြုနယ်ပယ်မှာ နမိတ်လက္ခဏာများ ယူဆောင်လာနိုင်တယ်။

ဥက္ကဋ္ဌ ဂျွန် တေလာ (၁၈၀၈-၈၇)ဟာ သာသနာပြုများ၏ မရှိမဖြစ်လိုအပ်သောအရည်အချင်းများကို ဤနည်းဖြင့်အကျဉ်းချုပ်ခဲ့တယ်။ "ဇီဝံဂေလိသတင်းကောင်းရဲ့ ဦးဆောင်သူများအဖြစ်ကျွန်တော်တို့ လိုလားသော အမျိုးသားများ[၁] (အမျိုးသမီးများနှင့်စုံတွဲများ)"ဟာ ဘုရားသခင်၌ယုံကြည်ခြင်းရှိသူသော အမျိုးသားများ၊ မိမိတို့၏ဘာသာတရား၌ ယုံကြည်ခြင်းရှိသူသောအမျိုးသားများ၊ မိမိတို့၏ ယဇ်ပုရောဟိတ် အခွင့်အာဏာကိုရိုသေလေးစားသောအမျိုးသားများ၊ ဘုရားသခင် ယုံကြည်မှုရှိသောသူများ ဖြစ်တယ်။ ဘုရား၏တန်ခိုးတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်ပြည့်ဝ၍ လေးစားထိုက်သော၊ ရိုးသားဖြောင့်မတ်သော၊ ဖြူစင်သော အမျိုးသားများကိုကျွန်တော်တို့လိုအပ်တယ်။

ဘုရားသခင်ကကြေညာခဲ့သည်မှာ

"ကြည့်ရှုလော့ လယ်ပြင်သည်ရိတ်သိမ်းရန်ဝင်းမှည့်နေပြီ။ အစွမ်းရှိသမျှနှင့် မိမိတံစဉ်ဖြင့်ရိတ်သူအား အလားတူသိုထားလျက်ရှိပြီး သူသည်ပျက်စီးခြင်းသို့မရောက်၊ သူ၏ဝိညာဉ်ကိုကယ်တင်ခြင်းသို့ ယူဆောင်မည်။"

"ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ မေတ္တာနှင့်ချစ်ခြင်းဖြင့် ဘုရား၏ဘုန်းတော်ကိုသာအာရုံစိုက်သူအား အမှုတော်အတွက်အရည်အချင်းပြည့်မှီစေသည်။" (ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၄ း ၄-၅)

သင့်ကိုခေါ်ဆိုခြင်းက လှုံ့ဆော်မှုအားဖြင့်လာတယ်။ ဘုရားသခင်ခေါ်သောသူကို ဘုရားသခင်က အရည်အချင်းပြည့်မှီစေတယ်ဆိုတာ ကျွန်တော်သက်သေခံပါတယ်။ ကိုယ်တော့်ရဲ့ဗျာပစ်ခြံထဲမှာ ဆုတောင်းခြင်းဖြင့်လုပ်ဆောင်တဲ့အခါ ကောင်းကင်မှအကူအညီကိုသင်ရရှိလိမ့်မယ်။

ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်းထဲတွင်ပါဝင်သည့် "သင်တို့ရှေ့မှာငါသွားမည်။ သင်တို့၏လက်ယာဘက်၊

လက်ဝဲဘက်တွင်ငါရှိမည်။ ငါ၏ဝိညာဉ်တော်သည် သင်တို့၏နှလုံးသားထဲတွင်ရှိပြီး သင်တို့ကို မစချီပင့်ရန်ငါ၏ကောင်းကင်တမန်တော်တို့သည်သင်တို့ကို ဝန်းရံနေမည်။" (ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၈၄ း ၈၈) ဟူသော ရှေးကာလက သာသနာပြုများကို ဘုရားသခင်ပေးခဲ့တဲ့လုပတဲ့ဂတိတော်သည် သင့်အတွက်ဖြစ်လိမ့်မည်။

သင်အစေခံတဲ့အခါ များစွာသောထာဝရအမှတ်တရများနှင့် ခင်မင်ရင်းနှီးမှုများကို သင်တည်ဆောက်လိမ့်မယ်။ သာသနာပြုနယ်မြေလောက် သာ၍များစွာသောပျော်ရွှင်မှုများကိုရိတ်သိမ်းပေးစွမ်းသောအခြားနယ်မြေမရှိဘူးဆိုတာ ကျွန်တော်သိတယ်။

မည်သည့်အကြောင်းပြချက်ကြောင့်ပဲဖြစ်ဖြစ် သာသနာပြုနယ်မြေမှာမိမိတို့ကိုပေးအပ်ထားသည့် တာဝန်အချိန်ကိုမပြီးမြောက်နိုင်ခဲ့သော အယ်လ်ဒါများ၊ ညီအစ်မများနှင့် စုံတွဲများအတွက် စကားတခွန်းကတော့ ဘုရားသခင်သင့်ကိုချစ်တယ်။ သင်တို့ရဲ့ပေးဆပ်မှုကိုသူအသိအမှတ်ပြုတယ်။ သင်တို့စိတ်ထိခိုက်မှုကိုသူနားလည်သဘောပေါက်တယ်။ သင်လုပ်ဖို့ရန်အလုပ်တစ်ခု သူမှာရှိသေးတယ်ဆိုတာကိုသိပါ။ တစ်နည်းအားဖြင့် စာတန်မပြောပါစေနှင့်။ စိတ်ဓာတ်မကျပါနဲ့။ စိတ်အားမငယ်ပါနဲ့။ မျှော်လင့်ချက်မပျက်သုဉ်းပါနဲ့။

အသင်းတော်ကိုဦးဆောင်ရန်ကျွန်တော့်ကိုခေါ်ပြီးနောက်မကြာခင်မှာ အထွေထွေညီလာခံတွင် ကျွန်တော်သတိပြုမိတာကတော့ "မစိုးရိမ်နှင့်။[၂] ဝမ်းမြောက်ခြင်းရှိပါ။ အနာဂါတ်သည် သင့်ယုံကြည်ခြင်းကဲ့သို့တောက်ပနေသည်။"[၃] သင့်အတွက်ဒီဂတိတော်ဟာ မှန်ကန်နေဆဲပါ။ ဒါကြောင့်သင့်ရဲ့ယုံကြည်ခြင်းကိုမပျောက်ဆုံးပါစေနဲ့ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်က သင့်အပေါ်မှာထားတဲ့ယုံကြည်ခြင်းမပျောက်ဆုံးဘူး။ သင့်ရဲ့ပဋိညာဉ်များကိုစောင့်ထိန်းပြီး ရှေ့ဆက်လှမ်းပါ။

ကမ္ဘာကြီးသည် ယေရှုခရစ်တော်၏ဧဝံဂေလိတရားတော်ကိုလိုအပ်နေသည်။ သာသနာပြု စိတ်နှလုံးသားဖြင့် ဘယ်နေရာမှာပဲ ကျွန်တော်တို့အစေခံနေပါစေ ဘုရားသခင်သည် သူ၏သန့်ရှင်းသူများကို ကောင်းကြီးပေးပါစေ။

## မှတ်ချက်များ

၁။ ဟီဘာ စီ ကင်ဘော၊ အော်ဆွန် အက်ဖ် ဝှတ်နီ၊ ဟီဘာ စီ ကင်ဘော၏ဘဝ ၊ တတိယအကြိမ်ထုတ်ဝေခြင်း (၁၉၆၇)၊ ၁၀၄
၂။ အသင်းတော်ဥက္ကဋ္ဌများ၏သွန်သင်မှုများ၊ ဂွန် တေလာ (၂၀၀၁)၊ ၇၃
၃။ သောမက်စ်အက်(စ်)မွန်ဆွန်၊ "ဝမ်းမြောက်ခြင်းရှိပါ။" လီရာဟိုနာ၊ မေလ ၂၀၀၉၊ ၉၂

---

## ဤသတင်းကောင်းမှသွန်သင်ချက်

အချိန်ပြည့်သာသနာပြုကဲ့သို့အစေခံသည်ဖြစ်စေ မခံသည်ဖြစ်စေ ကျွန်တော်တို့အယောက်တိုင်းဟာ ကိုယ့်အနီးမှာရှိသောသူများကိုအစေခံပြီး ဧဝံဂေလိတရားကိုဝေမျှဖို့ရန် အခွင့်အရေးရှိပါတယ်။ မကြာသေးမီက အထွေထွေညီလာခံမိန့်ခွန်းတွင် ဤအကြောင်းအရာပေါ်မှာ ဟောကြားခဲ့တဲ့ တမန်တော်ဆယ့်နှစ်ပါးအဖွဲ့ဝင် အယ်လ်ဒါ ဒါလင် အိတ်ချ် အုတ်ခ်စ်၏ "ပြန်လည်တည်ထောင်ထားသော ဧဝံဂေလိတရားကိုဝေမျှခြင်း" (လီရာဟိုနာ၊ နိုဝင်ဘာလ ၂၀၁၆၊ ၅၇) ကို ဤသတင်းစကားနှင့်နှိုင်းယှဉ်ပြီး စဉ်းစားဆင်ခြင်ပါ။ "ဘုရားသခင်ခေါ်သောသူကို ဘုရားသခင်က အရည်အချင်းပြည့်မှီစေတယ်"ဆိုတဲ့စကားကို သင်သင်ကြားပေးသောသူများနှင့်လည်း ဆွေးနွေးနိုင်ပါတယ်။ သူတို့ရဲ့သာသနာလုပ်ငန်းနှင့် အမှုတော်ဆောင်ရန်ခေါ်ဆိုခြင်းမှာ သူတို့အပေါ် ဘုရားသခင်ရဲ့ထောက်ပံ့မှုကို သင်ဘယ်လိုခံစားရပါသလဲ။ သင်သင်ကြားပေးသောသူများကို သူတို့၏မိသားစု၊ မိတ်ဆွေများနှင့် အိမ်နီးချင်းများအား ဧဝံဂေလိတရား ဘယ်လိုဝေမျှရမလဲဆိုတာ သိရှိရန်လမ်းညွှန်ချက်နှင့် ခွန်အားတောင်းခံရန်သင်ဖိတ်ခေါ်နိုင်တယ်။

## လူငယ်များ

## အမည်ကတ်ပြားမပါသော သာသနာပြု

### ခါစတီ အာရဗီ

**ဆ**ံနှံကျင်ဘက်အမြင်ကိုဝေမျှတဲ့သူအား ကြောက်စေတဲ့စရိုက်မျိုးရှိတဲ့ဆရာတစ်ယောက် ကျွန်မတို့ကျောင်းမှာရှိတယ်။ တစ်နေ့မှာ နောက်ပိုင်းကာလသန့်ရှင်းသူသာသနာပြုများအကြောင်း ပြောဆိုခဲ့ကြတယ်။ သူ့ရဲ့မေးခွန်းများကိုကျွန်မဖြေဆိုနိုင်တယ်ဆိုတာကျွန်မသိတယ် ဒါပေမယ့် ကျွန်မမဖြေသင့်ဘူးလို့ခံစားခဲ့ရတယ်။ ဒါကြောင့် ဤမျှသာသူ့ကိုကျေနပ်စေနိုင်ဖို့လုံလောက်ပြီလို့ ကျွန်မပြောခဲ့တယ်။

နောက်ရက်သတ္တပတ်အနည်းငယ်အထိ ကျွန်မတို့ပြောခဲ့တဲ့စကားကိုမစဉ်းစားဘဲမနေနိုင်ခဲ့ဘူး။ နောက်ဆုံးတော့ သာသနာလုပ်ငန်းနဲ့ပတ်သက်တဲ့အချက်အချို့များကို မျဉ်းတားထားတဲ့ မော်မွန်ကျမ်းတစ်အုပ်သူ့ကိုပေးသင့်တယ်ဆိုတဲ့အတွေးတစ်ခု ဝင်လာတယ်။ ဒီအတွေးက ကျွန်မကို ကြောက်စေတယ်။ ဒါပေမယ့် ဆက်လက်တည်ရှိနေခဲ့တယ်။ ကျွန်မလိုက်လျှောက်ရမယ့် နှိုးဆော်မှုတစ်ခုဆိုတာ ကျွန်မသိတယ်။

၂လခန့်ကြာပြီးနောက် ကျွန်မမှာမော်မွန်ကျမ်းတစ်အုပ် အဆင်သင့်ရှိခဲ့တယ်။ တစ်နေ့လုံး စာအုပ်ကကျွန်မရဲ့ကျောပိုးအိတ်မှာ လောင်ကျွမ်းနေတဲ့အပေါက်တစ်ခုလိုခံစားရတယ်။ ကျွန်မဆောင်းရာသီအားလပ်ရက်သွားတဲ့အခါ သူ့ကိုပေးဖို့ ၃စက္ကန့် အချိန်ဟာ ကျွန်မဘဝရဲ့ကြောက်စရာအကောင်းဆုံးအဖြစ်အပျက်တစ်ခု ဖြစ်ခဲ့တယ်။

ပြန်တက်တဲ့ပထမရက်မှာ ကျွန်မသူ့ရဲ့စာသင်ခန်းကိုဖြတ်သွားတယ် ဒါပေမယ့် အထဲဝင်ဖို့ကြောက်နေခဲ့တယ်။

ထို့နောက်သူကျွန်မကိုခေါ်တဲ့အသံကြားပြီး
ကျွန်မကိုကာဒ်တစ်ကာဒ်ပေးတယ်။
စကြ်လမ်းပေါ်မှာကျွန်မဖတ်ခဲ့တယ်။ ကျွန်မမှတ်သားထားတဲ့
စာပိုဒ်တွေကို သူလေ့လာခဲ့ပြီး
ကျွန်မရဲ့ယုံကြည်ချက်နောက်ကွယ်က

အကြောင်းအရာအချို့ကိုလည်း
သူစတင်ပြီးမြင်လာတယ်လို့ရေးထားတယ်။

အခုကျွန်မဇေဝံဂေလိတရားဝေမျှရတာကိုစိတ်လှုပ်ရှားတယ်။
မကြာမီ သာသနာပြုပြီး ကောင်းကင်ဘုံရှင်အဖကို အစေခံရဖို့
ကျွန်မပိုပြီးစိတ်လှုပ်ရှားတယ်။

© ၂၀၁၇ မှတ်ပုံတင်ပြီးမူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်ထုတ်ဝေသည်။ အင်္ဂလိပ်ဘာသာခွင့်ပြုချက်: ၆/၁၆၊
ဘာသာပြန်ခွင့်ပြုချက် ၆/၁၆၊ ၉၇၉၂၆ ၀၀၀ အားဘာသာပြန်ထားခြင်း။

# ပဋိညာဉ်စောင့်ထိန်းခြင်းဖြင့် ရရှိသော ယဇ်ပုရောဟိတ်တန်ခိုးတော်

ဒီအကြောင်းအရာကိုဆုတောင်းလေ့လာပြီး ဝေမျှရမယ့်အရာကိုသိဖို့လမ်းညွှန်ချက်အတွက်ရှာဖွေပါ။ ဂရုဏာအဖွဲ့ရဲ့ရည်ရွယ်ချက်ကို နားလည်ခြင်းကဘုရားရဲ့သမီးများကိုထာဝရအသက် ကောင်းကြီးရဖို့အတွက် မည်သို့ပြင်ဆင်ပေးမည်နည်း။

ယုံကြည်ခြင်း၊ မိသားစု၊ သက်သာခြင်း

"အားလုံးအတွက် ကျွန်တော့်ရဲ့သတင်းကောင်းကတော့ ကျွန်တော်တို့ဘယ်လို အခြေအနေမျိုးမှာပဲဖြစ်ဖြစ် ယဇ်ပုရောဟိတ်တန်ခိုး၏စွမ်းအားဖြင့် ကောင်းကြီးခံစားပြီး နာရီတိုင်းအသက်ရှင်နေနိုင်တယ်။" လို့ တမန်တော်ဆယ့်နှစ်ပါးအဖွဲ့ဝင် အယ်လ်ဒါ နေးလ် အယ်လ် အန်ဒါဆန်ကပြောခဲ့တယ်။

"...ယဇ်ပုရောဟိတ်၏ ဘိသိတ်မင်္ဂလာများတွင်ထိုက်တန်စွာ ပါဝင်တဲ့အခါ ဘုရားသခင်ကသင့်ကို ကြီးမားတဲ့ခွန်အား၊ ငြိမ်းချမ်းခြင်းနှင့် ထာဝရအမြင်ကို ပေးလိမ့်မယ်။ သင်ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် သင့်ရဲ့အိမ်ဟာ ယဇ်ပုရောဟိတ်တန်ခိုး၏စွမ်းအားဖြင့် ကောင်းကြီးခံစားရမယ်။'"၁

ယဇ်ပုရောဟိတ်တန်ခိုးကို ကျွန်တော်တို့ရဲ့ဘဝမှာဘယ်လိုဖိတ်ခေါ်မလဲ။ တမန်တော်ဆယ့်နှစ်ပါးအဖွဲ့ဝင် အယ်လ်ဒါ အမ် ရက်ဆယ် ဘောလာဒ်က "နှစ်ခြင်းခံရေထဲသို့ဝင်ရောက်ပြီး နောက်ပိုင်းတွင် ဘုရား၏အိမ်တော်တွင်အထူးအပ်နှင်းခြင်း ရရှိသောသူများသည် ကြွယ်ဝ၍အံ့ဖွယ်သော ကောင်းကြီးများအတွက် သင့်လျော်တယ်လို့ ကျွန်တော်တို့ကိုသတိပေးတယ်။ အထူးအပ်နှင်းခြင်းက တကယ်ပဲ တန်ခိုး၏ဆုကျေးဇူးဖြစ်တယ်။ ကျွန်တော်တို့ရဲ့ကောင်းကင်ဘုံရှင်အဖဟာ သူ့ရဲ့တန်ခိုးတော်ဖြင့်ရက်ရောတယ်။" အမျိုးသားနှင့် အမျိုးသမီးများကို ဗိမာန်တော်၌ "တူညီသောတန်ခိုးဖြင့်အပ်နှင်း" တယ်လို့သတိပေးတယ်။ "၎င်းကိုယဇ်ပုရောဟိတ်တန်ခိုးဟု အဓိပ္ပါယ်ဖွင့်ဆိုတယ်။"၂

ဂရုဏာအသင်း၏ အထွေထွေဥက္ကဋ္ဌ လင်ဒါ ကေ ဘာတန်က "ယဇ်ပုရောဟိတ်တန်ခိုးဟာ ကျွန်မတို့မိသားစုနှင့်အိမ်တွေမှာရရှိဖို့ ကျွန်မတို့လိုလားတဲ့အရာဖြစ်ပြီး ကျွန်မတို့ရဲ့ဘဝမှာ ဒီတန်ခိုးကို ဖိတ်ခေါ်ဖို့ကျွန်မတို့ဘာလိုအပ်လဲ။ မိမိရဲ့ဖြောင့်မတ်ခြင်းက ယဇ်ပုရောဟိတ်တန်ခိုးရရှိဖို့ အလွန်အရေးကြီးတယ်။"၃ လို့ပြောခဲ့တယ်။

"ကျွန်တော်တို့ ဘုရားရဲ့ရှေ့မှောက်မှာ နိမ့်ချစွာရှိနေပြီး ကျွန်တော်တို့ကိုသင်ကြားပေးဖို့တောင်းဆိုရင် သူ့တန်ခိုးတော်ကို ကျွန်တော်တို့ ဘယ်လိုရရှိနိုင်လဲဆိုတာကိုကျွန်တော်တို့ကိုသူပြသလိမ့်မယ်။" လို့ တမန်တော်ဆယ့်နှစ်ပါးအဖွဲ့ဝင် ဥက္ကဋ္ဌ ရက်ဆယ် အမ် နယ်ဆန်ကပြောခဲ့တယ်။၄

### *ထပ်၍ပေါင်းထည့်ထားသောကျမ်းချက်များနှင့်သတင်းအချက်အလက်များ*

ပထမနီဖိုင်း ၁၄း၁၄၊ ယုံကြည်ခံယူချက်နှင့်ပဋိညာဉ်ကျမ်း ၁၂၁း၃၆၊ ၁၃၂း၂၀၊ reliefsociety.lds.org

### မှတ်ချက်များ

၁။ နေးလ် အယ်လ် အန်ဒါဆန် , "ယဇ်ပုရောဟိတ်၌ရှိသောတန်ခိုးတော်" လီရာဟိုနာ၊ နိုဝင်ဘာလ ၂၀၁၃၊ ၉၂၊ ၉၅

၂။ အမ် ရက်ဆယ် ဘောလာဒ်၊ "အမျိုးသား၊ အမျိုးသမီးများနှင့်ယဇ်ပုရောဟိတ်တန်ခိုး" လီရာဟိုနာ၊ စက်တင်ဘာလ ၂၀၁၄၊ ၃၆။

၃။ လင်ဒါ ကေ ဘာတန်၊ "အားလုံးရရှိနိုင်သော ယဇ်ပုရောဟိတ်တန်ခိုး" လီရာဟိုနာ၊ ဖွန်လ ၂၀၁၄၊ ၂၁။

၄။ ရက်ဆယ် အမ် နယ်ဆန်၊ "ယဇ်ပုရောဟိတ်တန်ခိုး၏တန်ဖိုး" လီရာဟိုနာ၊ မေလ ၂၀၁၆၊ ၆၉။

### *ဒါကိုစဉ်းစားဆင်ခြင်ပါ။*

ပဋိညာဉ်စောင့်ထိန်းခြင်းက ယဇ်ပုရောဟိတ်တန်ခိုးတော်ဖြင့် ကျွန်တော်တို့ကို ဘယ်လိုကောင်းကြီးပေးနိုင်လဲ။

© ၂၀၁၇ မှတ်ပုံတင်ပြီးမူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်ထုတ်ဝေသည်။ အင်္ဂလိပ်ဘာသာခွင့်ပြုချက်: ၆/၁၆၊ ဘာသာပြန်ခွင့်ပြုချက် ၆/၁၆၊ ၉၇၉၂၆ ၀၀၀ အားဘာသာပြန်ထားခြင်း။